# မြန်မာ- ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ နှင့်စပ်လျဉ်းသည့် လမ်းညွှန်မှတ်စု

ဇူလိုင် ၂၀၂၃

**Centre for Law and Democracy**
info@law-democracy.org
+1 902 431-3686
www.law-democracy.org

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေ အမှတ် ၁၇/၂၀၂၃ [1] ကို မြန်မာစစ်ကောင်စီက ၂၀၂၃ ခုနှစ် မတ်လ ၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ယင်းဥပဒေတွင် ၂၀၁၄ ခုနှစ်တွင် မူရင်းပြဋ္ဌာန်းခဲ့သော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (ခေါ်) PPEL ပါ ပုဒ်မ ၆၊ ၉၊ ၁၀ နှင့် ၁၁ (ခ) တို့ကို ပြင်ဆင်ထားသည်။ ၎င်းဥပဒေပြင်ဆင်ချက်များသည် ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းလုပ်ငန်းများကို အာဏာအလွဲသုံးစားပြုမှုများမှ ကာကွယ်ရန်အတွက် PPEL ဥပဒေတွင်ပါရှိသော အကာအကွယ်အနည်းအကျဉ်းများထက်ပင် ပို၍အားနည်းစေသည်။ တရားဥပဒေနှင့် ဒီမိုကရေစီဗဟိုဌာန (ခေါ်) Centre for Law and Democracy (CLD) သည် ယင်း ဥပဒေပြင်ဆင်ချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ နိုင်ငံတကာစံနှုန်းများရှုထောင့်မှ အကဲဖြတ်ရန်ရည်ရွယ်၍ ဤမှတ်စု [2]ကို ရေးသားခြင်းဖြစ်သည်။

## ၁။ ဥပဒေပြင်ဆင်ချက်များဆိုင်ရာ ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံရှိ PPEL ဥပဒေအရ ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် သတင်းအေဂျင်စီများသည် ပြန်ကြားရေး ဝန်ကြီးဌာနတွင် မှတ်ပုံတင်ရန် လိုအပ်သည်။ ဤအဖွဲ့အစည်းတစ်ခုချင်းစီ၏ ဥပဒေပါ အဓိပ္ပာယ်သတ်မှတ်ချက်များမှာ ကျယ်ပြန့်သည်။ ဥပမာအားဖြင့်၊ "သတင်းအေဂျင်စီ" ကို PPEL ၏ ပုဒ်မ ၂ (စ) တွင် "ပြည်တွင်းပြည်ပမှ သတင်းအချက်အလက်များ" ကို စုဆောင်းရယူ၍ မီဒီယာများသို့ အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေ မယူဘဲဖြစ်စေ ဖြန့်ဝေပေးသည့် လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် သတင်းအေဂျင်စီများတင်မကဘဲ အတွေးအခေါ်ရှင်များ သို့မဟုတ် အခြားသော အရပ်ဘက်လူ့အဖွဲ့အစည်းများကဲ့သို့သော အသင်းအဖွဲ့ များစွာပါ အကျုံးဝင်စေနိုင်သည်။ ပုဒ်မ

[1] အင်္ဂလိပ်ဘာသာဖြင့် ၂၀၂၃ ခုနှစ်၊ မတ်လ ၇ရက် နေ့တွင် ထုတ်ဝေသည့် The Global New Light of Myanmar စာမျက်နှာ (၂) တွင် ဖော်ပြပါရှိသည်။ https://cdn.myanmarseo.com/file/client-cdn/gnlm/wp-content/uploads/2023/03/7_March_23_gnlm.pdf

[2] ဤလမ်းညွှန်မှတ်စုသည် Creative Commons Attribution အောက်တွင် Non Commercial-ShareAlike 3.0 Unported လိုင်စင်အောက်တွင် ပါရှိသည်။Centre for Law and Democracy ကို ကိုးကားဖော်ပြချက်ထည့်သွင်းပြီး အခမဲ့ ကူးယူ၊ ဖြန့်ဝေ၊ ပြသခြင်း၊ဆင့်ပွားစာတမ်းများပြုစုခြင်းတို့တွင် အသုံးပြုနိုင်သည်။ ဖော်ပြပါလိုင်စင်ပါ ဤစာတမ်းမှ ဆင်းသက်လာသော မည်သည့်အလုပ်ကိုမဆို အကျိုးစီးပွားအတွက် အသုံးပြုခြင်းနှင့် ဖြန့်ဝေခြင်းမပြုရပါ။ လိုင်စင်မိတ္တူကို ကြည့်ရှုလိုပါက http://creativecommons.org/licenses/by-nc-sa/3.0 နှင့် https://cdn.myanmarseo.com/file/client-cdn/gnlm/wp-content/uploads/2023/03/7_March_23_gnlm.pdf တို့တွင် လေ့လာနိုင်သည်။

၂(ဃ)ပါ ပုံနှိပ်စက် သို့မဟုတ် ပုံနှိပ်တိုက် ပိုင်ရှင်ကိုဆိုလိုသည့် "ပုံနှိပ်သူ" ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် ပို၍ပင်ကျယ်ပြန့်သည်။ ပုံနှိပ်စက်ကိုမူ အီလက်ထရောနစ်နည်းပညာ သို့မဟုတ် လေဆာအသုံးပြု စက်ကိရိယာအပါအဝင် ပုံနှိပ်စက်ယန္တရားစုဟု ပုဒ်မ ၂(က) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသောကြောင့် "ပုံနှိပ်သူ" ဟုဆိုရာတွင် ကွန်ပျူတာပုံနှိပ်စက်ပါရှိသော မည်သည့်ရုံးမဆို အကျုံးဝင်သည်ဟု နားလည်နိုင်သည်။

PPEL၏ အပိုင်း ၄ ၌ အဆိုပါလုပ်ငန်းများကို "အသိအမှတ်ပြု"ရန်အတွက် ပြည့်စုံမှန်ကန်သော စာရွက်အထောက်အထား များဖြင့် လျှောက်ထားရမည်ဟု ပါရှိသည်။ ပုဒ်မ ၅ ၌ ပြန်ကြားရေးဝန်ကြီးဌာန သည် လျှောက်ထားသူမှ "သတ်မှတ်သောအခကြေးငွေ" အား ပေးသွင်းစေပြီးလျှင် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၆ ၌ ပြန်ကြားရေးဝန်ကြီးဌာနသည် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းပြုနိုင်ပြီး ထိုသို့ဖြစ်ပွားပါက ပုဒ်မ ၇ အရ ပြန်ကြားရေးဝန်ကြီးထံ သတ်မှတ်ကာလအတွင်း အယူခံဝင်ခွင့်ရှိသည်။ PPEL ဥပဒေ၊ ပုဒ်မ ၁၅ အရ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိလျှင်သော်လည်းကောင်း သို့မဟုတ် ပုဒ်မ ၁၆ အရ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်းခံရစဉ်အတွင်းသော်လည်းကောင်း မည်သူမျှ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်ခြင်း မပြုရပါ။

၂၀၂၃ ပြင်ဆင်ချက်မတိုင်မီ၊ PPEL ၏ ပုဒ်မ ၆ တွင် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရရှိရန် မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍ဖြစ်စေ လျှောက်ထားခဲ့ခြင်းအားဖြင့် ယင်းအသိအမှတ်ပြု လက်မှတ်ကို ပြန်လည်ရုတ်သိမ်းခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းသို့ ဦးတည်နိုင်သည့် အခြေအနေတစ်ခုသာ ဖော်ပြထားသည်။ ပြင်ဆင်ချက်ဥပဒေတွင်မူ (ပြန်ကြားရေးဝန်ကြီးဌာနက ဦးစီးဆောင်ရွက်သည်ဟု ယူဆရသည့်) စုံစမ်းစစ်ဆေးမှုပြီးနောက် ပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာကို ပုံနှိပ်ထုတ်ဝေခဲ့ကြောင်းထင်ရှားပါက ပုဒ်မ ၈ ကို ဖောက်ဖျက်ခြင်းအတွက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုတ်သိမ်းခြင်း သို့မဟုတ် ရပ်တန့်ခြင်းနှင့်စပ်လျဉ်းသည့် ပုဒ်မ ၆ တွင် အခြေခံအချက်အသစ်အဖြစ် ဖြည့်စွက်ထည့်သွင်းထားသည်။ ပုဒ်မ ၈ ဖောက်ဖျက်မှုအတွက် တာဝန်ခံမှုအပြင် PPEL ၏ ပုဒ်မ ၁၇ နှင့် ပုဒ်မ ၂၀ ကို ပြင်ဆင်ချက်ဥပဒေတွင် မွမ်းမံပြင်ဆင်ထားခြင်း မရှိသောကြောင့် ပုဒ်မ ၈ ကို ဖောက်ဖျက်ကျူးလွန်ပါက ဒဏ်ငွေကျပ် တစ်ဆယ်သိန်းမှ သိန်းသုံးဆယ်အထိ (ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၄၇၅ မှ ၁,၄၂၅ အထိ) ဒဏ်ရိုက်ခံရနိုင်သည်။

ပြင်ဆင်ချက်ဥပဒေသည် ပုဒ်မ ၈ ကို ဖောက်ဖျက်မှုအတွက် ထုတ်ဝေစာအား (တရားမဝင် ကြောင်း ကြေညာခြင်းသို့မဟုတ် ပယ်ဖျက်ခြင်းစသည်ဖြင့်) မမှန်ကန်ကြောင်းကြေညာခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း များကိုလည်း ပြောင်းလဲခဲ့သည်။ ပြင်ဆင်ချက်များမပြုမီ PPEL ၏ ပုဒ်မ ၉ အရ ထုတ်ဝေစာတစ်ခုသည် ပုဒ်မ ၈ကို ချိုးဖောက်သည်ဟု သံသယရှိလျှင် အစိုးရအဖွဲ့အစည်းကဖြစ်စေ ထိခိုက်နစ်နာသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဖြစ်စေ ယင်းထုတ်ဝေစာအား တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာပေးနိုင်ရန် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်တရားရုံးသို့ လျှောက်ထားနိုင်ပြီး ပုဒ်မ ၁၀ အရ တရားရုံးများက တရားဝင်ထုတ်ဝေစာမဟုတ်ကြောင်း အမိန့်တစ်စုံ တစ်ရာမချမှတ်မီ လျှောက်ထားခံရသောထုတ်ဝေစာကို ဖြန့်ချိခြင်းမပြုရန် ယာယီတားဝရမ်း ထုတ်ဆင့် ခွင့်ရှိသည်။ ၂၀၂၃ ခုနှစ်

ပြင်ဆင်ခြင်းဥပဒေ၌ ပုဒ်မ ၉ ကို အစားထိုးပြင်ဆင်ခြင်းတွင် ပုဒ်မ ၈ ကို ဖောက်ဖျက်ခြင်းကြောင့် ထုတ်ဝေမှုများယွင်းကြောင်း နိုင်ငံတော်ပြန်တမ်းတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ရန် ပြန်ကြားရေး ဝန်ကြီးဌာနကို အခွင့်အာဏာပေးအပ်ထားသည်။ ပုဒ်မ ၁၀ ကို ပြင်ဆင်ချက်တွင်မူ ပြန်ကြားရေး ဝန်ကြီးဌာနက ယင်းကဲ့သို့ တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်သည်နှင့် တစ်ပြိုင်နက် ရဲအရာရှိ များသည် ယင်း ထုတ်ဝေစာများကို ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ သိမ်းဆည်းနိုင်သည်ဟု ဖော်ပြပါရှိ သည်။ ပြင်ဆင်ချက်တွင် ယင်းကဲ့သို့ တရားမဝင်ထုတ်ဝေစာအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်မှုများအပေါ် အယူခံဝင်ခွင့် တစ်စုံတစ်ရာ ဖော်ပြထားခြင်း မရှိပါ။

ယခင်က၊ PPEL ၏ ပုဒ်မ ၁၁(ခ) အရ ပုံနှိပ်သူသည် “မှတ်ပုံတင်ခြင်းနှင့် မူပိုင်ခွင့်” ဆောင်ရွက်ရန် ပုံနှိပ်ထုတ်ဝေစာ မိတ္တူများကို ပြန်ကြားရေးဝန်ကြီးဌာနသို့ ပေးပို့ရမည်ဖြစ်သည်။ ဝန်ကြီးဌာနထံ မိတ္တူပေးပို့ရန် ဤပုဒ်မခွဲတွင် “ပုံနှိပ်သူ”အစား “ထုတ်ဝေသူ” ဟု ပြင်ဆင်ထားပါသည်။ PPEL ၏ ပုဒ်မ ၂(င) အရ “ထုတ်ဝေသူ” သည် ထုတ်ဝေစာတစ်ခုခုကို ထုတ်ဝေသူ မည်သူမဆိုဟု အဓိပ္ပာယ်ရပြီး ပုဒ်မ ၂(ဂ) တွင် “ထုတ်ဝေစာ” ကို လက်ရေးစာမူများ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်နှင့် အလားတူအမြင်သဏ္ဌာန်ရှိသည့် အခြားအရာများ အဖြစ် အကျယ်တဝင့် ဖွင့်ဆိုသတ်မှတ်ထားပါသည်။ PPEL ဥပဒေအရ ပုဒ်မ ၁၁ ကို ဖောက်ဖျက်ကျူးလွန်ခြင်းအတွက် တာဝန်ရှိသည့် မည်သူမဆို တရားရုံးက ချမှတ်သည့် ဒဏ်ငွေ ကျပ်တစ်သိန်း မှ သုံးသိန်း (ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၄၈ မှ ၁၄၃ ဒေါ်လာခန့်) အထိ ချမှတ်နိုင်သည်။[3]

## ၂။ ဥပဒေပြင်ဆင်ချက်များကို လေ့လာသုံးသပ်ခြင်း

၂၀၂၃ ပြင်ဆင်မှုဥပဒေ မတိုင်မီပင် CLD သည် PPEL[4] အပေါ် ရှုထောင့်များစွာမှ စိုးရိမ်ပူပန်မှုများရှိကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။[5] ၎င်း အစားထိုးခဲ့သော 1962 ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ခြင်းဥပဒေနှင့် ယှဉ်လျှင် နယ်ပယ်များစွာတွင် တိုးတက်မှုကို မြင်ရသော်လည်း၊ ၂၀၁၄ PPEL ဥပဒေသည် ဘက်ပေါင်းစုံမှ ကြည့်လျှင် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီခြင်းမရှိပေ။ သတင်းအေဂျင်စီများ၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ အတွက် မလိုအပ်ဘဲ မှတ်ပုံတင်စနစ်ထားရှိခြင်းသည်လည်း ယင်းအချက်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့များနှင့် ကျွမ်းကျင်သူများက အဆိုပါ မှတ်ပုံတင်စနစ်၏ အလွဲသုံးစားလုပ်နိုင်ချေအန္တရာယ်နှင့် ယင်းစနစ် အမှန်တကယ်လိုအပ်မှုမရှိခြင်းကြောင့် ယင်းစနစ်အပေါ်သံသယဖြင့် ရှုမြင်ကြသည်။ ၎င်းအဖွဲ့အစည်းများ၏ ၂၀၀၃ခုနှစ်ပူးတွဲကြေညာချက်တွင်

[3] ပုဒ်မ ၁၈ နှင့် ပုဒ်မ ၂၁

[4] Centre for Law and Democracy နှင့် International Media Support တို့မှ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်သည့် မြန်မာ့သတင်းမီဒီယာဥပဒေနှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေတို့အား ပြုပြင်ပြောင်းလဲခြင်းအကြောင်း https://www.law-democracy.org/live/wp-content/uploads/2019/01/Media-Law-and-PPEL-Note.Jan19.final_.pdf.

[5] ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁၈ရက်နေ့တွင် အတည်ပြုပြဌာန်း- https://www.osce.org/files/f/documents/4/0/28235.pdf

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွက် အထူး နိုင်ငံတကာလုပ်ပိုင်ခွင့်များတွင် အောက်ပါအတိုင်း မှတ်သားထားသည်-

> ပုံနှိပ်မီဒီယာများ အထူးမှတ်ပုံတင်ရန်လိုအပ်ချက်များထည့်သွင်းခြင်းသည် မလိုအပ်သလို အလွဲသုံးစား လုပ်ခံရနိုင်ချေရှိသဖြင့် ရှောင်ရှားသင့်သည်။ မှတ်ပုံတင်ခွင့်မပေးရန် ငြင်းပယ်ဆုံးဖြတ်ခွင့်ရှိနေသည့် မှတ်ပုံတင်စနစ်များသည် ပုံနှိပ်မီဒီယာများ အပေါ် ခြေခြေမြစ်မြစ်လွှမ်းမိုးနိုင်သော အခြေအနေများ ဖြစ်စေခြင်း သို့မဟုတ် မှတ်ပုံတင်စနစ်များအား အစိုးရအမှီအခိုမလွတ်ကင်းသောအဖွဲ့များမှ ကြီးကြပ်နေခြင်းတို့မှာ အထူးသဖြင့် ပြဿနာရှိနေသည်။[6]

လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ လိုအပ်ချက်များနှင့်စပ်လျဉ်းပြီး အသေးစိတ်ဖော်ပြချက်များမပါရှိခြင်းနှင့် ပြန်ကြားရေးဝန်ကြီးအပေါ်တွင် များစွာမူတည်နေခြင်း တို့ကြောင့် အလွဲသုံးစားပြုနိုင်ချေအလားအလာကို PPEL တွင် အထူးသဖြင့် မြင်တွေ့ရသည်။ ဥပဒေပြင်ဆင်မှု များမပြုလုပ်မီ၊ CLD မှ အသိအမှတ်ပြုခြင်းလုပ်ငန်းစဉ်ကို ဖျက်သိမ်းရန် သို့မဟုတ် မဖျက်သိမ်းနိုင်ခဲ့ပါက မှတ်ပုံတင်ခြင်းကို ငြင်းပယ်ခွင့်မပေးခြင်း၊ မမှန်မကန်စာရွက်စာတမ်းများ တင်သွင်းခြင်း မှလွဲ၍ အခြား အကြောင်းများကြောင့် မှတ်ပုံတင်ခြင်းကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းမပြုခြင်း၊အသိအမှတ်ပြု လက်မှတ်များထုတ်ပေးခြင်းအတွက် ရှင်းလင်းသော အချိန်ကာလသတ်မှတ်ချက်များ ချမှတ် ခြင်း၊ တရားရုံးများသို့ အယူခံဝင်ခွင့်ပေးခြင်းနှင့် လွတ်လပ်သောအဖွဲ့အစည်းတစ်ခုမှ ကြီးကြပ်သည့် လုပ်ငန်းစဉ်ကို စံနမူနာပြုထားရှိခြင်း တို့ကို ဆောင်ရွက်ရန် အကြံပြုထားသည်။[7]

အသိအမှတ်ပြုခြင်းစနစ်ကို ဖျက်သိမ်းရမည့်အစား ၂၀၂၃ ခုနှစ် ဥပဒေပြင်ဆင်ချက်များသည် ပုဒ်မ ၈ ကို ဖောက်ဖျက်ခြင်းဆိုင်ရာ ပြင်ဆင်ချက်ကိုထည့်သွင်းခြင်းအားဖြင့် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ရုပ်သိမ်း သို့မဟုတ် ဆိုင်းငံ့နိုင်သည့် ဝန်ကြီး၏ လုပ်ပိုင်ခွင့်များကို သိသိသာသာချဲ့ထွင်ခဲ့သည်။ ဝန်ကြီးထံ ခွဲဝေပေးသည့် နောက်ထပ်အာဏာများမှာ PPEL ၏ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့ကို ၂၀၂၃ ဥပဒေ ပြင်ဆင်ခြင်းတွင် အစားထိုးပြင်ဆင်လိုက်ခြင်းဖြင့် ပိုမိုဆိုးရွားစေသည်။ ပုဒ်မ ၈ ကို ဖောက်ဖျက်ကျူးလွန်မှုအတွက် ထုတ်ဝေစာ အား တရားမဝင်ကြောင်း ကြေညာသင့်၊မသင့် ဆုံးဖြတ်ရာတွင် တရားစီရင်ရေး (သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ )၏ အခန်းကဏ္ဍကို ဖျက်သိမ်းလိုက်ပြီး ယင်းအစား ၎င်း အခွင့်အာဏာကို ပြန်ကြားရေးဝန်ကြီးဌာနထံ အပ်နှင်းခြင်းပြုလိုက်သည်။ ထို့ကြောင့် ယခုအခါ ပြန်ကြားရေး ဝန်ကြီးသည် ပုဒ်မ ၈ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ကြေညာခြင်းဖြင့် ထုတ်ဝေစာကို ဖျက်သိမ်း၊ သို့မ ဟုတ် ဆိုင်းငံ့ခွင့် နှင့် ထုတ်ဝေစာကို သိမ်းယူရန် ရဲတပ်ဖွဲ့အား အမိန့်ပေးပိုင်ခွင့် အာဏာနှစ်ခုလုံး ရှိနေပြီဖြစ်သည်။ ၎င်းတို့အားလုံးသည် အလွန်ထူးခြားသော အခြေအနေများတွင်သာ ချမှတ်သင့်သည့်

[6] ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်တွင် အတည်ပြုခဲ့သည်။18 ဒီဇင်ဘာ 2003၊ https://www.osce.org/files/f/documents/4/0/28235.pdf ကို အတည်ပြုခဲ့သည်။

[7] Centre for Law and Democracy နှင့် International Media Support တို့ မှ ၂၀၁၉ ခုနှစ်၊ဇန်နဝါရီလတွင် ထုတ်ဝေခဲ့သည့် "မြန်မာ့သတင်းမီဒီယာ ဥပဒေနှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေတို့ကို ပြုပြင်ပြောင်းလဲခြင်း"၊ စာမျက်နှာ ၁၀။ https://www.law-democracy.org/live/wp-content/uploads/2019/01/Media-Law-and-PPEL-Note.Jan19.final_.pdf

လွန်ကဲသော အရေးယူဆောင်ရွက်မှုများဖြစ်ပြီး၊ အပြည့်အဝ အယူခံဝင်ပိုင်ခွင့်ရှိရမည့် တရားရုံး အမိန့်အရသာ ဆောင်ရွက်ရခြင်းမျိုးဖြစ်သည်။ အခြားအရာများအနေဖြင့် အဆိုပါ အာဏာများအားလုံးသည် မီဒီယာ၏ မည်သည့် စည်းမျဉ်းကိုမဆို အစိုးရ အမှီအခိုလွတ်ကင်းသော အဖွဲ့အစည်းများကသာ ဆောင်ရွက်သင့်သည့် အခြေခံ နိုင်ငံတကာဥပဒေမူကို ဖောက်ဖျက်နေခြင်းပင်ဖြစ်သည်။

ပုဒ်မ ၈ ကို ချိုးဖောက်မှုဟုဆိုရာတွင် ပြင်းထန်သောချိုးဖောက်မှု သို့မဟုတ် မကြာသေးမီတွင် ဖြစ်ပွားမှု မျိုး ဖြစ်ရန်မလိုအပ်ခြင်းမှာ အဆိုပါပြဿနာများကို ပိုမိုဆိုးရွားစေသည်။ ထို့ကြောင့် ယခင်က ထုတ်ဝေခဲ့သည့် အကြောင်းအရာအချို့သည် ပုဒ်မ ၈ ကို ချိုးဖောက်သည် သို့မဟုတ် လက်ရှိအကြောင်းအရာသည် ၎င်း စည်းမျဉ်းများကို ဖောက်ဖျက်မှု အနည်းငယ်ရှိသည်ဟု ကောက်ချက်ချရုံဖြင့် ပြန်ကြားရေးဝန်ကြီး ဌာနသည် ထုတ်ဝေစာအားအရေးယူနိုင်သည်။ နိုင်ငံတကာဥပဒေအရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ကန့်သတ်ထားမှုများကို ဖောက်ဖျက်မိခြင်းအတွက် ပြစ်ဒဏ်များချမှတ်ရာတွင် ပြစ်ဒဏ်အတိုင်းအတာနှင့် စည်းမျဉ်းချိုးဖောက်မှုအတိုင်းအတာမှာ အံဝင်ခွင်ကျဖြစ်နေစေရန်လိုအပ်သော်လည်း အဆိုပါ ဒဏ်ခတ် အရေးယူမှု များ တွင် အတိအကျဖော်ပြထားခြင်း မရှိပေ။

ပုဒ်မ ၈ တွင် သတင်းအကြောင်းအရာကန့်သတ်ချက်များကို ဖော်ပြရာ၌ ပြဿနာရှိနိုင်သော စကားလုံးအသုံး အနှုန်းများပါဝင်နေခြင်းက ယင်းအချက်များကို ပိုမိုဆိုးရွားစေပါသည်။ သတင်းအကြောင်းအရာကန့်သတ် ချက်များသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်ချက်များကို ထောက်ခံအားပေးရာ ရောက်သည့် တန်းတူညီမျှမှု၊ နိုင်ငံတော်လုံခြုံရေး၊ အခြားသူများ၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကို ကာကွယ်ခြင်းစသည့် အကျိုးစီးပွားများနှင့်၊ ပြည်သူ့ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြဋ္ဌာန်းချက်များစွာ၏ အသုံးအနှုန်းမှာ မရေရာလွန်းအားကြီးသည်။ ဥပမာအားဖြင့်၊ ပုဒ်မ ၈(က) ၌ “တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း သည် လူမျိုးရေးအရ၊ ဘာသာရေးအရ သို့မဟုတ် ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့်” အသုံးအနှုန်းများကို တားမြစ်ထားပြီး ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်ရန် လှုံ့ဆော်မှုများအား တားမြစ်ချက်များနှင့် စပ်လျဉ်းပြီး နိုင်ငံတကာ လူ့အခွင့်အရေး အသိအမှတ်ပြုမှုထက် ပိုမိုကျယ်ပြန့်သည်။ အလားတူ ပုဒ်မ ၈(ခ) သည် “နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးကို ထိခိုက်နိုင်သည့်” အသုံးအနှုန်းများကို တားမြစ်ထားသည်။ ယင်းတွင် “ထိခိုက်စေနိုင်သည်” ဟူသောအသုံးမှာ စံညွှန်းအားဖြင့် နိမ့်ကျလွန်းပြီး စကားအသုံးအနှုန်းနှင့် တရားဝင် အမျိုးသားလုံခြုံရေးအကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း နှစ်ခုကြားတွင် ဆက်စပ်မှုလုံလုံလောက်လောက်ရှိမနေပါ။[8]

[8] ဥပမာအားဖြင့်၊ အမျိုးသားလုံခြုံရေး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းရယူခွင့်ဆိုင်ရာ ဂျိုဟန်နက်စ်ဘတ် အခြေခံမူများကို ကြည့်ပါ၊ လန်ဒန်အခြေစိုက် အစိုးရမဟုတ်သောအဖွဲ့အစည်းမှ ခန့်အပ်ထားသည့် ကျွမ်းကျင်သူများအဖွဲ့မှ ပြုစုရေးသားပြီး စာစောင် ၁၉ မှ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် နေ့ တွင် အတည်ပြု ပြဋ္ဌာန်းထားသည့် မူအမှတ် ၆။ https://www.article19.org/data/files/pdfs/standards/joburgprinciples.pdf

# နိဂုံး

၂၀၂၃ မတ်လတွင် ထုတ်ပြန်ခဲ့သော PPEL ဥပဒေကို ပြင်ဆင်ခြင်းဥပဒေသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် တရားဥပဒေစိုးမိုးရေးအရ နောက်ပြန်ဆုတ်သွားခြင်းပင်ဖြစ်သည်။ ပြန်ကြားရေး ဝန်ကြီးဌာနတွင် သတင်းအေဂျင်စီများ၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများအတွက် စည်းမျဉ်းစည်းကမ်း လုပ်ငန်းစဉ်များအပေါ် ပိုမိုအာရုံစိုက်ထိန်းချုပ်ခြင်းဖြင့်၊ အဆိုပါလုပ်ငန်းစဉ်များအပေါ် အလွဲသုံးစားလုပ်မှု များမှ အကာအကွယ်အနည်းအကျဉ်းကိုပင် ယင်းပြင်ဆင်ချက်များက ဖယ်ရှားခဲ့ပြီး လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်ရှုထောင့်မှ အမှုဆောင်ဆုံးဖြတ်ချက်များအထိ သိသာထင်ရှားသော အကျိုးဆက်ဂယက် များအဖြစ် ချန်ရစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြန်လည်ထွန်းကားသည့်အချိန်အထိ ပြင်ဆင်ချက်များအား ရုပ်သိမ်းရန်နှင့် အကျိုးစီးပွားအရပါဝင်ပတ်သက်သူအားလုံးနှင့် လုံလောက်သော ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် PPEL ဥပဒေအား ဒီမိုကရေစီနည်းလမ်းအရ ပြန်လည်ပြင်ဆင် နိုင်စေရန်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ နိုင်ငံတကာစံနှုန်းရှုထောင့်မှနေ၍ PPEL ၏ ချို့ယွင်းချက်များကို ကိုင်တွယ်ဖြေရှင်းရန် CLD မှ အကြံပြုထားသည်။